# ငြိမ်းချမ်းရေးဖြစ်စဉ် မှတ်တမ်းအကျဉ်းချုပ်
# ( ဧပြီလ )




မြန်မာ့အရေး လေ့လာသူများ
ဧပြီ ၊ ၃၀ ၊ ၂၀၁၇
bcmg.burma.org@gmail.com

မြန်မာ့အရေးလေ့လာသူများအဖွဲ့ကို ၂၀၁၆ ခုနှစ် မေလတွင် စတင်ဖွဲ့စည်းခဲ့သည်။ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အထောက်အပံ့ပြုနိုင်ရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား လူအများသိရှိစေရန် ရည်ရွယ်ပြီး လအလိုက် ငြိမ်းချမ်းရေးဖြစ်စဉ်ကို လေ့လာစောင့်ကြည့် မှတ်တမ်းတင်သုတေသနပြုပြီး ငြိမ်းချမ်းရေး ရက်စွဲစဉ်မှတ်တမ်းနှင့် အနှစ်ချုပ်သုံးသပ်ချက်များအား အပတ်စဉ်နှင့် လစဉ်ထုတ်ဝေသွားမည်ဖြစ်သည်။ ဤအနှစ်ချုပ်လေ့လာချက်စာတမ်းသည် မြန်မာ့အရေး လေ့လာသူများအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ ဧပြီလအတွင်း ငြိမ်းချမ်းရေးဖြစ်စဉ်အား မီဒီယာများမှတဆင့် မှတ်တမ်းတင်သုတေသပြုချက်များအရ လေ့လာတွေ့ရှိချက်များဖြစ်ပါသည်။ ၎င်းအချက်အလက်များ ကို မီဒီယာများအနေဖြင့် ကူးယူဖော်ပြနိုင်ပြီး၊ အကယ်၍ ကူးယူဖော်ပြခဲ့ပါက အဖွဲ့၏ အမည်အား သတင်းရင်းမြစ်နေရာတွင် ဖော်ပြပေးရမည်ဖြစ်သည်။ ငြိမ်းချမ်းရေးရက်စွဲစဉ်မှတ်တမ်းနှင့် လစဉ်သုံးသပ်ချက် အနှစ်ချုပ်မှတ်တမ်းများအား အကြံပြုချက်များပေးပါရန်နှင့် အကြံပြုချက်များ ပေးပို့လိုပါက bcmg.burma.org@gmail.com နှင့် ဖုန်း - 09-796636737 တို့ကို ဆက်သွယ်နိုင် ပါသည်။

မြန်မာ့အရေးလေ့လာသူများအဖွဲ့

## ၁။ တိုက်ပွဲများ

၂၀၁၇ ခုနှစ် ဧပြီလသည် မတ်လနှင့်စာလျှင် တိုက်ပွဲဖြစ်ပွားမှုများ သိသာစွာကျဆင်းခဲ့သည်။ ထိုသို့ ကျဆင်းရခြင်းသည် မြန်မာ့ရိုးရာသင်္ကြန်နှစ်ကူးကာလနှင့် တိုက်ဆိုင်နေသလို တပ်မတော်နှင့် အဓိက ရင်ဆိုင်တိုက်ပွဲဖြစ်ပွားနေသည့် မြောက်ပိုင်းမဟာမိတ်အဖွဲ့မှ TNLA က ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လက်ဖက်ခူးသည့် အချိန်ဖြစ်တာကြောင့် တိုက်ပွဲမဖြစ်အောင် ရှောင်ရှားနေကြောင်းလည်း TNLA ၏ ပြောကြားချက်များအရ သိရသည်။ ဧပြီလအတွင်းတွင် NCA လက်မှတ်မထိုးထားသည့် TNLA၊ MNDAA တို့နှင့် အစိုးရတပ်မတော်အကြား တိုက်ပွဲဖြစ်ပွားခဲ့သလို NCA လက်မှတ်ရေးထိုးထားသည့် RCSS ၊ KNU တို့နှင့်လည်း တိုက်ပွဲဖြစ်ပွားခဲ့သည်။

### ၁.၁) TNLA

တပ်မတော်နှင့် တအာင်းအမျိုးသားတပ်မတော်(TNLA) တို့၏ တိုက်ပွဲဖြစ်ပွားမှုသည် ဧပြီလ ၇၊ ၈၊ ၉၊ ၂၉နှင့် ၃၀ရက်နေ့များတွင် ဖြစ်ပွားခဲ့ပြီး တစ်လအတွင်း တိုက်ပွဲဖြစ်ပွားမှု အများဆုံးဖြစ်ခဲ့သည်။ ၇ရက်နေ့တိုက်ပွဲသည် နှစ်ဘက်ထိတွေ့မှုကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ကျန်ရက်များသည် တပ်မတော်ဘက်မှ ထိုးစစ်ဆင်မှုကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း TNLA ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။ တိုက်ပွဲများကြောင့် တပ်မတော် ဘက်မှ တစ်ဦးဒဏ်ရာရပြီး ခြောက်ဦးသေဆုံးကြောင်း သိရပြီး TNLA ဘက်မှ သေဆုံးဒဏ်ရာရ အရေအတွက် ကို မသိရပါ။

### ၁.၂) MNDAA

မတ်လအတွင်း (၁၉ရက်တိတိ) တိုက်ပွဲ အပြင်းအထန်ဖြစ်ပွားခဲ့သည့် MNDAA နှင့် ယခု လအတွင်းတွင် ဧပြီလ ၂၁ရက်နှင့် ၂၂ရက်များတွင်သာ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း သိရသည်။ နှစ်ဘက်သတင်းထုတ်ပြန်ချက်များအရ တပ်မတော်ဘက်က တစ်ဦးဒဏ်ရာရပြီး၊ အယောက်နှစ်ဆယ်ကျော် သေဆုံးခဲ့သလို MNDAA ဘက်မှလည်း ဒဏ်ရာရရှိနှင့် သေဆုံးမှုများ များပြားကြောင်း သိရသည်။ MNDAA နှင့် ဖြစ်ပွားခဲ့သော တိုက်ပွဲများတွင် တပ်မတော်ဘက်က လက်နက်ကြီးသုံးစွဲ၍ ထိုးစစ်ဆင်ခဲ့ခြင်းဖြစ်သည်။

### ၁.၃) RCSS/SSA

NCA လက်မှတ်ထိုးထားသော RCSS/SSA နှင့် တပ်မတော်တို့သည် ဧပြီလ (၅) ရက်နေ့တွင် တိုက်ပွဲ ဖြစ်ပွားခဲ့ သည်။ ထိပ်တိုက်တွေ့မှုကြောင့် တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး နာရီဝက်ခန့်သာ ကြာမြင့်ခဲ့သည်။ တိုက်ပွဲကြောင့် သေဆုံးမှုနှင့် ဒဏ်ရာရမှုများကို သတင်းထုတ်ပြန်ခြင်းမရှိပါ။ RCSSနှင့် တပ်မတော်တို့သည် မတ်လအတွင်းတွင် လည်း တိုက်ပွဲနှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး အဆိုပါတိုက်ပွဲများမှာ တပ်မတော်ဘက်က ထိုးစစ်ဆင်မှုကြောင့် ဖြစ်သည်ဟု RCSS သတင်းထုတ်ပြန်ခဲ့သည်။ ယခုလအတွင်း ဖြစ်ပွားမှုမှာတော့ နှစ်ဘက်တွေ့ဆုံခြင်းကြောင့်သာ ဖြစ်ပွားခြင်း ဖြစ်ပြီး ထိုးစစ်ဆင်မှုမဟုတ်ဟု သတင်းများအရ သိရသည်။

### ၁.၄) KNU

NCA လက်မှတ်ထိုးထားသော KNU နှင့် တပ်မတော်တို့သည် ဧပြီလ ၂၂ရက်နေ့တွင် မိနစ်အနည်းငယ်ကြာ အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့သည်။ နားလည်မှုလွဲမှားခြင်းကြောင့် ပစ်ခတ်မှုဖြစ်ပွားခဲ့သည်ဟု သိရပြီး ဧပြီလ ၂၈ရက်နေ့တွင် ပြုလုပ်ခဲ့သည့် JMC-S အစည်းအဝေးတွင် ဆွေးနွေးပြီး ပြေလည်မှုရရှိခဲ့သည်။

---

## ၂။ အရပ်သားသေဆုံးမှုများ

ဧပြီလ ၉ ရက်နေ့ နေ့လည်ခင်းတွင် တအာင်းဒေသ၊ ကျောက်မဲမြို့နယ်၊ တောင်ပုလုရွာ အောက်ဖက် မန်စံလမ်းခွဲ၌ တပ်မတော်မှ ရွာသား ၃ ဦးအား ရိုက်သတ်ခဲ့သည်ဟု TNLA မှ သတင်းထုတ်ပြန်ခဲ့သည်။

ဧပြီလ ၁၉ရက်နေ့တွင် ကချင်ပြည်နယ် ဖန်းမော်ခရိုင် မံစီမြို့ စစ်တပ်စခန်း အနီး တောင်ယာအခင်း တစ်ခုတွင် ထောင်ထားသည့် မိုင်း ပေါက်ကွဲခဲ့မှုကြောင့် အလုပ်လုပ်နေသော မိသားစုဝင်များမှ ကလေး ၁ ဦးသေဆုံး ပြီး အခြား ၂ ဦး ထိခိုက် ဒဏ်ရာ ရ ခဲ့သည်။

---

## ၃။ တွေ့ဆုံဆွေးနွေးမှု

### ၃.၁) အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးမှု

ဧပြီလ ၂၈ရက်နေ့တွင် ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင် အဖွဲ့နှင့် UNFC ၏ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN)တို့ ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ Horizon Village & Resort တွင် နံနက် ၉ နာရီမှစ၍ ညဂုနာရီအထိ တွေ့ဆုံဆွေးနွေးခဲ့သည်။

### ၃.၂) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တွေ့ဆုံဆွေးနွေးမှု

ဧပြီလ ၂ရက်နေ့တွင် UNFC ၏ နိုင်ငံရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ DPN၏ လုပ်ငန်း ညှိနှိုင်း အစည်းအဝေးကို ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ပြုလုပ်ခဲ့သည်။

ဧပြီ ၃ ရက်နေ့တွင် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူ စာချုပ် (NCA) အပေါ် UNFC အဖွဲ့ဝင်အဖွဲ့အစည်းများ၏ သဘော ထားရပ်တည်ချက် ချမှတ်ရန်နှင့် ပတ်သက်၍ UNFC ဗဟိုအလုပ် အမှုဆောင် အရေးပေါ်အစည်းအဝေးကို ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ပြုလုပ်ခဲ့သည်။

ဧပြီလ ၅ ရက် နှင့် ဧပြီလ ၆ ရက်နေ့များတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် UNFC၏ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN)နှင့် NCA လက်မှတ်ရေးထိုးထားသော

လက်နက်ကိုင်အဖွဲ့၈ဖွဲ့မှ လုပ်ငန်းဆွေးနွေးညှိနှိုင်းရေးအဖွဲ့ (CT)တို့ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ဧပြီလ ၅ ရက် မွန်းလွဲပိုင်းက တွေ့ဆုံဆွေးနွေးခဲ့သည်။

ဧပြီလ ၈ရက်နှင့် ၉ရက်နေ့များတွင် **တိုင်ရင်းသားလက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့ထိပ်သီးခေါင်းဆောင်များ အစည်းအဝေး** ကို ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး အစိုးရနှင့် အပစ်ရပ် လက်မှတ်ထိုး ထားသည့် တပ်ဖွဲ့များနှင့် အပစ်ရပ်လက်မှတ်မထိုးသေးသည့် တပ်ဖွဲ့များ၏ ခေါင်းဆောင်များ တက်ရောက်ခဲ့သည်။

ဧပြီလ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉ရက်နေ့များတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် NCA တွင် လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ ၇ ဖွဲ့၏ အစည်းအဝေးကို ဝ ပြည်သွေးစည်း ညီညွတ်ရေး တပ်မတော် UWSA၏ ပန်ခမ်းနယ်မြေတွင် ပြုလုပ်ခဲ့သည်။

**၃.၃) ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်းမှ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ**

ဧပြီလ ၃ရက်နေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-S)၏ ဆဋ္ဌမအကြိမ် အစည်းအဝေးကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့ရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေး ခန်းမ၌ပြုလုပ်ခဲ့သည်။

ဧပြီလ ၁၉ ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း၌ မြို့နယ်အလိုက် နိုင်ငံရေးဆွေးနွေးပွဲများ ရုတ်ချည်း ပြုလုပ်ခဲ့သည်။

ဧပြီလ ၂၁ရက်နေ့တွင် ရှမ်းပြည်နယ်ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပရန်အတွက် အကြို ညှိနှိုင်းဆွေးနွေးပွဲကို သီပေါမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပခဲ့သည်။

ဧပြီလ ၂၃၊ ၂၄နှင့် ၂၅ ရက်နေ့များတွင် ရှမ်းပြည်နယ် ဒေသအလိုက်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို တောင်ကြီး မြို့တွင် ပြုလုပ်ခဲ့သည်။

ဧပြီလ ၂၄ရက်တွင် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်း အစည်းအဝေး ကို နေပြည်တော်ရှိ သင်္ဂဟ ဟိုတယ်တွင် ပြုလုပ်ခဲ့သည်။

ဧပြီလ ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် ကရင်ပြည်နယ်ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ(JMC)၏ ဆဋ္ဌမ အကြိမ်မြောက်အစည်းအဝေးကို ဘားအံမြို့ အမှတ်(၄)ရပ်ကွက် သီရိလမ်းရှိ ကရင်ပြည်နယ် (JMC)ရုံး၌ ကျင်းပခဲ့သည်။

ဧပြီလ ၂၅ ရက် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) ဆဋ္ဌမအကြိမ် အစည်းအဝေးကို ကော်မတီရုံးအစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့သည်။

ဧပြီလ၂၆ ရက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အစည်းအဝေး အား နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ပြုလုပ်ခဲ့သည်။

ဧပြီလ ၂၇ရက်နေ့ ၁၀ နာရီတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစု ပင်လုံကျင်းပရေး ဗဟိုကော်မတီ အစည်းအဝေး ကို နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေး ခန်းမ၌ ကျင်းပခဲ့သည်။

ဧပြီလ ၂၈ရက်နေ့ နံနက်ပိုင်းတွင တနင်္သာရီတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) န၀မအကြိမ်အစည်းအဝေးကို မြိတ်မြို့၊ ကော်မတီရုံး အစည်းအဝေးခန်းမ၌ပြုလုပ်ခဲ့သည်။

### ၃.၄) နိုင်ငံတကာနှင့် တွေ့ဆုံဆွေးနွေးမှု

ဧပြီလ ၁၀ရက်နေ့တွင် သမ္မတဦးထင်ကျော် ဦးဆောင်သည့် မြန်မာအစိုးရ ကိုယ်စားလှယ်အဖွဲ့သည် တရုတ်သမ္မတ ရှီကျင့်ပင်နှင့် တရုတ်ပြည်သူ့လွှတ်တော် ခန်းမဆောင်တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဧပြီလ ၂၁ရက်နေ့ မွန်းလွဲ ၂နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China International Trust and Investment Company (CITIC) Group ၏ ဥက္ကဋ္ဌMr.Chang Zhenming ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

---

## ၄။ စစ်ဘေးသင့်ပြည်သူများ

ဧပြီ (၅)ရက်နေ့တွင် ကချင် လွတ်လပ်ရေး အဖွဲ့ (KIO) ထိန်းချုပ်နယ်မြေ အတွင်း စစ်ရှောင်စခန်းများ ဖြစ်သော ဖုန်လွယ်ယန်နဲ့ ဝေကျိုင်စခန်းရှိ အသက် ၁၉ နှစ်မှ ၃၅ နှစ် အတွင်း အလုပ်လုပ်နိုင်သည့် အမျိုးသားများအား ထောက်ပံ့မှု လျှော့ချထားကြောင်း စစ်ရှောင်စခန်း စီမံ ခန့်ခွဲရေး ကော်မတီက ပြောကြားခဲ့သည်။

ဧပြီလ (၁၁)ရက်နေ့တွင် ကျောက်ဖြူတွင်ရှိသည့် ရခိုင်တိုင်းရင်းသားစခန်း၊ စစ်တွေမှာရှိသည့် ရိုဟင်ဂျာ မွတ်စလင်စခန်းနှင့် ကမန်တိုင်းရင်းသား အများစုရှိသည့် ရမ်းဗြဲကျွန်းက စခန်းများကို စတင်ပိတ်သိမ်းပြီး ဒုက္ခသည်တွေကို နေရာချထားပေးရန် ပြည်နယ်အစိုးရက စီစဉ်လျက်ရှိသည်။

ဧပြီလ ၂၀ရက်နေ့တွင် ကရင်ပြည်နယ်ရှိ စစ်ဘေးရှောင် ဒေသခံပြည်သူ ၅,၀၀၀ထောင်ကျော်မှာ ဧပြီလမှစ၍ စားနပ်ရိက္ခာများ ပြတ်လပ်မှုနှင့် စတင် ကြုံတွေ့နေရကာ လက်ရှိ စစ်ဘေးရှောင်စခန်းတွင် ဆန်တစ်မျိုးတည်းသာ ကျန်ရှိသည်ဟု စခန်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဧပြီလ ၂၄ရက်နေ့တွင် ဝိုင်းမော်မြို့နယ် အမှတ်(၁)ရက်ကွက် ဝိုင်းမော်နယ် လော်ဝေါ် နှစ်ခြင်း အသင်းတော်ဖုန်နယ် ရုံးဝင်းအတွင်း ဖွင့်လှစ်ထားရှိသော ဝိုင်းမော်လော်ဝေါ် ဖုန်နယ် စစ်ဘေးရှောင်စခန်းနေ ပြည်သူများသည် နေအိမ်အဆောက်အအုံ မရှိ၍ အခက်အခဲ များ တွေ့ကြုံနေရသည်။

---

## ၅။ လူ့အခွင့်အရေးချိုးဖောက်မှုများ

### ၅.၁) တပ်မတော်၊ နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ်များ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ

ဧပြီလ ၃ရက်နေ့ ည ၁၁း၁၅ အချိန်တွင် ဟိုစီးကျေးရွာ၊ ပန်ကိုင်အုပ်စု၊ နမ့်ဖတ်ကာမြို့နယ်၊ မူဆယ်ခရိုင်တွင်နေထိုင်သူ အင်ဖွေ နော်တောင် ၅၄နှစ်၊ အင်ဖွေ ဘရန်ဆိုင်း ၃၂ နှစ်တို့အား ၎င်းတို့၏ ကတုတ်ကျင်းတွင် ပင်လုံစာချုပ်နှင့် ပတ်သက်သော နိုင်ငံရေးစာတမ်းများကိုတွေ့သဖြင့် တပ်မ ၉၉ မှ ဖမ်းဆီးပြီး နမ့်ဖတ်ကာရဲစခန်းသို့ပို့ဆောင်ခဲ့သည်။

ဧပြီလ ၁၀ရက်နေ့တွင် ၈ နှစ်မြောက် ရက္ခိုင့်တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ရက္ခိုင့်တပ်မတော်ဖလား ခေါင်းစဉ်နှင့် ဘောလုံးပွဲကျင်းပခဲ့သည့် မြောက်ဦးမြို့ မြတန်ဆောင်ဆရာတော် ဦးနန္ဒသာရနှင့် ကိုခိုင်နီမင်းတို့ကို အာဏာပိုင်များက မတရားအသင်း၊ အက်ဥပဒေနှင့် ငြိစွန်းသည်ဟုဆိုကာ ဖမ်းဆီးခဲ့သည်။

ဧပြီလ ၁၃ ရက်နေ့ တွင် ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ဝမ်ခိုင် ကျေးရွာအုပ်စု ပန်ကော်ကျေးရွာ၌ အစိုးရတပ်မတော်မှ တောလိုက် (အမဲလိုက်) သွားသည့် ကျောက်မဲဒေသခံ တစ်ဦးအား ပစ်သတ်ခဲ့သည်။

ဖေရယ်လ ၁၈ ရက်နေ့တွင် မူဆယ်မြို့မ ပြည်သူ့စစ်အဖွဲ့ဝင် ၇ ဦးမှ လက်နက်များကိုင်ဆောင်ပြီး နောင်ခိုကုတို့ဆိပ် ပြေးဆွဲနေမှုကို ရပ်တန့် ရန်အတွက် ဒေသခံများအား ခြိမ်းခြောက်ခဲ့သည်။

ဧပြီလ ၂၂ရက်နေ့ မွန်းတည့် ၁၂း၀၀ နာရီအချိန်တွင် မိုင်းပျင်းမြို့နယ် ဆင်မောင်းကျေးရွာအုပ်စု ကာလျန့်ရွာသား စိုင်းစိမ်းဆမ် အသက် ၃၀နှစ်(ပလောင်လူမျိုး) တစ်ဦးကို တပ်မတော် ၂၄၇ တပ်မှ RCSS/SSA တပ်သားဟု ဆိုကာ ဖမ်းဆီး သွားခဲ့သည်။

---

## ထူးခြားဖြစ်စဉ်များ

ဧပြီလ ၁ရက်နေ့တွင် ရှမ်းပြည်တပ်မတော် SSPP/SSA ဌာနချုပ် ဝမ့်ဟိုင်းမြို့သစ်၌ မဲရုံသုံးခုထောင် ကာ ကြားဖြတ်ရွေး ကောက်ပွဲအား လွတ်လွတ်လပ်လပ်ကျင်းပခွင့်ပြုသော်လည်း ရှမ်းပြည်တပ်မတော်သားများ မဲထည့်ခွင့်မရခဲ့ပါ။

ဧပြီလ ၆ရက်နေ့တွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တို့ သမ္မတအိမ်တော်တွင် တွေ့ဆုံခဲ့သည်။

ဧပြီလ ၉ရက်နေ့တွင် UWSA မှ ၎င်းတို့၏ လားရှိုးမြို့အခြေစိုက်ရုံးအား ရှာဖွေစစ်ဆေးခြင်းနှင့်ပတ်သက်၍ ပြင်းထန်စွာ ကန့်ကွက်ကြောင်း နိုင်ငံတော်အစိုးရသို့ လိပ်မူကာ ကန့်ကွက်လွှာပေးပို့ခဲ့သည်။ ကန့်ကွက်စာ၏အောက်တွင် မြန်မာနိုင်ငံ အထူးဒေသ(၂) ဝ ပြည်နယ်ပြည်သူ့အစိုးရ ၂၀၁၇ခုနှစ် ဧပြီလ ၉ ရက်ဟုပါရှိသည်။

ဧပြီလ ၁၁ရက်နေ့တွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ပူးတွဲကြေညာချက် တစ်ရပ်ကို သမ္မတဦးထင်ကျော်၏ တရုတ်ခရီးစဉ် ပြီးဆုံးချိန် တွင် ထုတ်ပြန်ခဲ့ပြီး ထုတ်ပြန်ချက်တွင် အချက်ဆယ်ချက် ပါရှိကာ တရုတ်နိုင်ငံက အဆိုပြုထားသည့် “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” အစီအစဉ်ကို မြန်မာနိုင်ငံက အားပေးထောက်ခံကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒအပေါ် ခိုင်မာစွာရပ်တည်ထားချက်ကိုထပ်လောင်းအတည်ပြုခဲ့ပြီး

ထိုင်ဝမ်၊ တိဘက်နှင့် ရှင်းကျန်းဒေသအရေးတို့နှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏ရပ်တည်ချက်ကို ဆက်လက်ထောက်ခံကြောင်းနှင့် နှစ်နိုင်ငံအကြား လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ ယင်းဒေသရှိ ပြည်သူများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှု အဆင့်အတန်း တိုးတက်မြင့်မား စေရေးတို့ကို ထိရောက်စွာ အတူတကွဆောင်ရွက်ရေးအတွက် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ဦးဆောင်သည့် (၂+၂) အဆင့်မြင့် ဆွေးနွေးပွဲ ယန္တရားကို ဆက်လက်၍ ထိရောက်စွာ အသုံးပြုသွားကြရန် သဘောတူညီခဲ့ကြပါသည် ဆိုသည့် အချက်များလည်းပါရှိပါသည်။

ဧပြီလ ၁၂ရက်နေ့တွင် တရုတ်နိုင်ငံကူမင်းမြို့၌ မြောက်ပိုင်းမဟာမိတ်အဖွဲ့နှင့် ငြိမ်းချမ်းရေးကော်မရှင်တို့ တွေ့ဆုံရန်စီစဉ်ထားသော်လည်း အစိုးရ ငြိမ်းချမ်းရေးကော်မရှင်က သင်္ကြန်ကာလအတွင်း မအားလပ်ဆိုကာ ပြန်သွားသည့်အတွက် တွေ့ဆုံပွဲ ပျက်သွားခဲ့သည်။

ဧပြီလ ၁၉ရက်နေ့တွင် ပြီးဆုံးခဲ့သည့် ပန်ခမ်း ထိပ်သီးအစည်းအဝေး၌ အစိုးရနှင့် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးရန်အတွက် “ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ” ကို အစည်းအဝေးတက်ရောက်ခဲ့သော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ ၇ဖွဲ့က ဖွဲ့စည်းခဲ့သည်။

ဧပြီလ ၂၅ရက်နေ့တွင် မတ်လ ၂၆ ရက်နေ့ထုတ် The Voice နေ့စဉ် သတင်းစာ၌ တပ်မတော်က ရိုက်ကူးထားသည့် "ပြည်ထောင်စုသစ္စာ" ရုပ်ရှင်ဇာတ်ကားကို "ကျည်ထောင်စုသစ္စာ" ခေါင်းစဉ်နှင့် သရော်စာ ရေးသား ဖော်ပြခြင်းနှင့်ပတ်သက်ပြီး ဖြေရှင်းပေးဖို့ တပ်မတော်ဘက်က မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီသို့ တိုင်ကြားစာ ပေးပို့ခဲ့သည်။

ဧပြီလ ၂၆ရက်နေ့တွင် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ၏ Zhang Dejiang နှင့် သူရဦးရွှေမန်းတို့ တရုတ်နိုင်ငံ ဘေဂျင်းမြို့တော်တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

---

## နှိုင်းယှဉ်သုံးသပ်ချက်

မတ်လနှင့် ဧပြီလအတွင်း လေ့လာစောင့်ကြည့်မှုများအရ ဧပြီလတွင် တိုက်ပွဲဖြစ်ပွားမှုနှုန်းများ လျော့ကျခဲ့သလို တိုက်ပွဲများကြောင့် အရပ်သားသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုနှုန်းလည်း လျော့ကျခဲ့သည်။ အစိုးရနှင့် အဓိက ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲများဖြစ်နေသော မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင်များဖြစ်သည့် TNLA ၊ MNDAA တို့နှင့် တပ်မတော်ကြား တိုက်ပွဲများသည် ဧပြီလ ၁၉ရက်နေ့က ပြီးဆုံးခဲ့သည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ ၇ ဖွဲ့၏ ပန်ခမ်းအစည်းအဝေးနောက်ပိုင်းတွင် ပို၍ ပြင်းထန်ခဲ့သည်ကို တွေ့ရသည်။ ဧပြီလအတွင်းတွင် တပ်မတော်နှင့် ယခင်က တိုက်ပွဲဖြစ်ပွားလေ့ရှိသည့် MNDAA ၊ TNLA နှင့် RCSS တို့အပြင် တပ်မတော်နှင့် ဆက်ဆံရေးကောင်းမွန်နေသည့် KNU နှင့်လည်း ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည်ကို တွေ့ရသည်။ တပ်မတော်နှင့် NCA ထိုးထားသော RCSS နှင့် KNU တို့ကြား တိုက်ပွဲများသည် တပ်နေရာချထားမှုများ၊ အပြန်အလှန် သတင်းပေးပို့မှုအားနည်းခြင်းများကြောင့် ဖြစ်သည်ဟု တွေ့ရှိရပြီး၊ NCA ထိုးမထားသော MNDAA ၊ TNLA တို့နှင့် တိုက်ပွဲများမှာမူ တပ်မတော်၏ ထိုးစစ်ဆင်မှုများကြောင့်ဟု သတင်းဖေါ်ပြချက်များ အရ သိရသည်။




**ပုံ-၁ (တိုက်ပွဲဖြစ်ပွားသောရက်များနှင့် အရပ်သားသေဆုံးမှု အရေအတွက် နှိုင်းယှဉ်ပြဇယား)**

ဧပြီလတွင် တိုင်းရင်းသားအဖွဲ့အစည်းအချင်းချင်းကြား တွေ့ဆုံဆွေးနွေးမှု မြင့်မားခဲ့ပြီး NCA ဖြစ်စဉ်အတွင်းရှိ ဆွေးနွေးပွဲများနှင့် အစည်းအဝေးများသည်လည်း မတ်လကထက် ပိုမိုများပြားခဲ့သည်။ သို့သော် အစိုးရ ငြိမ်းချမ်းရေးကော်မရှင်နှင့် တိုင်းရင်းသားအဖွဲ့အစည်းများအကြား တွေ့ဆုံဆွေးနွေးမှုများ လျော့ကျခဲ့သည်။ မြန်မာပြည်မြောက်ပိုင်းရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအချင်းချင်းကြား တွေ့ဆုံဆွေးနွေးမှုများမှ ဖြစ်ထွန်းလာသည့် "ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေး ကော်မတီ" တွင် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ UNFC ၏ အင်အားကြီးအဖွဲ့ဝင်များဖြစ်သော KIA နှင့် SSPP/SSA တို့ ပါဝင်ခဲ့သည်ကို တွေ့ရသည်။ NCA ပြင်ပ ငြိမ်းချမ်းရေးလမ်းကြောင်းကို ရှာဖွေသွားမည်ဆိုသည့် ၎င်းကော်မတီတွင် ပါဝင်နေမှုကြောင့် KIA နှင့် SSPP/SSA တို့အနေဖြင့် NCA လမ်းကြောင်းအတိုင်း ငြိမ်းချမ်းရေး ဖော်ဆောင်လိုသည့်UNFC နှင့်အတူ ဆက်လက်ပါဝင်ရန်မှာ မရေရာတော့သော အခြေအနေ ဖြစ်နေသည်။




**ပုံ၂- (၃.၁ ၊ ၃.၂ နှင့် ၃.၃ တို့အတွက် လအလိုက် နှိုင်းယှဉ်ချက်ပြ ဇယား)**

မတ်လအတွင်းတွင် ပြည်သူများအပေါ် တပ်မတော်နှင့် အခြားသော တရားဝင်လက်နက်ကိုင်အဖွဲ့အစည်းများမှ လူ့အခွင့်အရေး ချိုးဖောက်မှုပေါင်း ကိုးခု ဖြစ်ပွားခဲ့ပြီး၊ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များမှလည်း အလားတူ အရေအတွက်အရပင် ချိုးဖောက်ခဲ့သည်။ သို့သော် ဧပြီလတွင်မူ သတင်းဖော်ပြချက်များအရ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ လူ့အခွင့်အရေးချိုးဖောက်သော ကျူးလွန်မှုများကို မတွေ့ရှိရဘဲ တပ်မတော်ဘက်မှ ကျူးလွန်မှုများကိုသာ တွေ့ရှိရပါသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများအနက် အဓမ္မဖမ်းဆီးချုပ်နှောင်မှုသည် အများဆုံးဖြစ်ပြီး ဆန့်ကျင်ဘက်အဖွဲ့မှ တပ်သားများ၊ သို့မဟုတ် သတင်းပေးများဟု စွပ်စွဲကာ ဖမ်းဆီးလေ့ရှိသည်ကို တွေ့ရသည်။




**ပုံ၃- ( မီဒီယာများ၏ သတင်းဖော်ပြချက်များအရ တပ်မတော်၊ နယ်ခြားစောင့်တပ်၊ ပြည်သူ့စစ် တို့နှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ၏ လူ့အခွင့်အရေး ချိုးဖောက်မှု လအလိုက် နှိုင်းယှဉ်ဇယား)**